သရွတ်ဝကျေးရွာ

တောင်ပို့တရာအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ သရွတ်ဝကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၈

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | သရွတ်ဝကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် | ၃ |
| | သရွတ်ဝကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် | ၄ |
| | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၅ |
| ၁။ | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| ၂။ | တည်နေရာနှင့်ပထဝီအနေအထား | ၆ |
| ၃။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၇ |
| ၄။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၉ |
| | (င) ပညာရေး | ၉ |
| | (စ) ကျန်းမာရေး | ၁၀ |
| | (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| | (ဇ) ကျား - မ ရေးရာ | ၁၁ |
| ၅။ | ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၂ |

နောက်ဆက်တွဲများ

| | | |
|---|---|---|
| နောက်ဆက်တွဲ(၁) - | ဖွံ့ဖြိုးရေးဗျူဟာဇယား | ၁၃ |
| နောက်ဆက်တွဲ(၂) - | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သရွတ်ဝကျေးရွာ
ဇလွန်မြို့နယ်

သရွတ်ဝကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်

ရက်စွဲ၊ ၁၂.၇.၂၀၁၈

ရေးဆွဲသူ၊ ဒေါ်မေဇင်ထွန်း

## သရွတ်ဝကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်

ရက်စွဲ၊ ၁၂.၇.၂၀၁၈

ရေးဆွဲသူ၊ ဒေါ်ချိုဝေလှိုင်

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွနုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွနုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွနုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆေ ောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီ အစဉ်မျိုး ဖြစ်ပါသည်။

## ၂။တည်နေရာနှင့်ပထဝီအနေအထား

တောင်ပို့တရာကျေးရွာအုပ်စု၊ သရွတ်ဝကျေးရွာသည် ဇလွန်-ဟင်္သာတကားလမ်းမကြီးနှင့် (၃)မိုင် အကွာတွင် တည်ရှိပါသည်။ ဇလွန်မြို့၊ ဟင်္သာတမြို့တို့နှင့် ဆက်သွယ်သွားလာရေးလွယ်ကူ ပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ် ပါသည်။ ရေလုပ်သားအနည်းငယ်နှင့် ကျပန်းအလုပ်လုပ်ကိုင်သူများလည်းရှိကြပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ(၄၇)လက်မအထက်ရှိပြီး မိုးရာသီတွင် မိုးစပါးစိုက်ပျိုးရေးကို မိုးရေဖြင့် လုံလောက်ပါသည်။ ကိုင်းကျွန်းမြေသည် ပဲ၊ ပြောင်း၊ ရေှာတ်၊ ကြက်သွန်တို့ကို စိုက်ပျိုး ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိကအားထားရာ ဖြစ်ပါသည်။

**၃။ရာသီဥတုနှင့် သဘာ၀အရင်းအမြစ်များ**

သရွတ်ဝကျေးရွာသည် ကိုင်းကျွန်းလုပ်ကိုင်သူများအတွက် ရေ၁၀တီမြစ်ရေကျချိန်တွင် ထွန်ယက်စိုက်ပျိုးသဖြင့် သီးနှံအထွက်တိုး၍ အောင်မြင်ပါသည်။ ကျေးရွာတွင် ကိုင်း၊ ခြံ၊ လယ် အသင့်အတင့်ရှိပြီး မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ ကိုင်း၊ ကျွန်းဧက()ခန့်ရှိပြီး ပဲ၊ ပြောင်း၊ ရေတ်တို့ကို အဓိကစိုက်ပျိုးပါသည်။ ကျေးရွာတွင် ဥယျာဥ်ခြံမြေဧက(၄၃.၅)ရှိပြီး ကွမ်းနှင့် အခြား ရာသီပင်တို့ကိုလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မထွက် ရှိပါ။ နွားစာအတွက် ကိုင်းမှထွက်သော ပဲမှော်၊ ပဲရိုးတို့ကို အလွယ်တကူရရှိပါသည်။ စားကျက်မြေ သီးသန့်မရှိပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရသောအပင်များသာ ရှိပါသည်။

**၄။ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

သရွတ်ဝကျေးရွာတွင် သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းရှိသော်လည်း လူမှုရေး၊ စီးပွား ရေး၊ သာရေး၊ နာရေးကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ ကျား၊ မ ပူးပေါင်းပါဝင်ဆောင်ရွက်တတ် သည့် အလေ့အကျင့်ကောင်းများ ရှိပါသည်။ ကျေးရွာတစ်ရွာလုံးသည် ဗမာလူမျိုးများဖြစ်ကြပြီး ကျေးရွာတွင် ဘုန်းကြီးကျောင်း(၁)ကျောင်း၊ ဓမ္မာရုံ(၁)ကျောင်းရှိပါသည်။ ကျေးရွာတစ်ရွာလုံး ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး စည်းစည်းလုံးလုံးတစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရိုင်းပင်းကူညီကြကာ ရပ်ရေးရွာရေးတွင်အတူတကွ ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါသည်။ ကျေးရွာတွင် ယခုအခါ မဟာ ဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာမှ ကျပ်သိန်း(၂၀၀)ဖြင့် ကျေးရွာမီးလင်းရေး လုပ်ငန်းအတွက် ဆောင်ရွက်နေပါသည်။ ကျေးရွာမီးလင်းရေးကော်မတီမှ မှန်ကန်သောဦးဆောင်မှု ဖြင့် ကျေးရွာသူကျေးရွာသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေပါသည်။ ကျေးရွာမီးလင်းပါက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး အဖက်ဖက် တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

သရွတ်ဝကျေးရွာသည် ဇလွန်-ဟသ်ာတကားလမ်းမကြီးနှင့် (၃)မိုင်အကွာတွင်ရှိပြီး လမ်း ပန်းဆက်သွယ်ရေး အသင့်အတင့်ရှိသောကြောင့် အရောင်းအဝယ်သမားများအတွက် ဒေသထွက် ကုန်များအား ဇလွန်ဈေးသို့ ကိုယ်တိုင်တက်ရောက်ရောင်းချမှုများ ပြုလုပ်နိုင်ပါသည်။ ဒေသထွက် ကုန်များအား ကျေးရွာကုန်သည်ပွဲစားများမှ တစ်ဆင့် ရောင်းချလေ့ရှိပါသည်။ ကျေးရွာတွင် ကုန်ကြမ်းအဖြစ် နနွင်းအနည်းငယ်ထွက်ရှိပါသည်။ တောင်းယက်၊ ပန်းရံ၊ လက်သမား အတတ် ပညာတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအချို့လည်းရှိပါသည်။ ပန်းရံလက်သမားများ၏ တစ်နေ့ လုပ်အားခမှာ ၇၀၀၀ကျပ်အထိရရှိကြပြီး ဆရာအဆင့်လုပ်အားခသည် ၁၀၀၀၀ကျပ်အထိ ရရှိနိုင် ပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဆိုင်ကယ်ကယ်ရီပို့ဆောင်ခြင်းလုပ်ငန်း များ၊ ခေါင်းရွက်ဖြတ်ထိုးဈေးသည်များ၊ အစိုးရဝန်ထမ်းအလုပ်လုပ်ကိုင်သူများလည်းရှိပါသည်။ ပဲ၊ ပြောင်းနှင့် ခြံစိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအလုပ်လုပ်ကိုင်သူများသည် တစ်နေ့လုပ်အားခ အများဆုံးမှာ ၅၀၀၀ ကျပ်အထိ ရရှိကြသည်။

သရွတ်ဝကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်သမား များဖြစ်ကြပြီး ၎င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူထက် အလုပ်သမား၊ ကျပန်း၊ ရာသီ

အလိုက် အလုပ်သမားများ ပို၍ များပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၆၆)ရှိသည့်အနက် (၁၆၅)အိမ်မှာ စိုက်ပျိုးမြေယာမဲ့များဖြစ်ကြပြီး နေ့စားကျပန်းအလုပ်အား အဓိကထားလုပ်ကိုင်နေကြသူများကြသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏(၇.၉)%သာ ချမ်းသာအဆင့်တွင်ရှိပြီး (၂၀.၆၈)%သည် အလယ်အလတ်အဆင့်၊ (၃၇.၉၇)%သည်ဆင်းရဲသောအဆင့် နှင့် (၃၃.၄၆)%သည် အလွန်ဆင်းရဲသောအဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးမြေယာမဲ့အိမ်ထောင်စု(၇၃)%ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စု အများဆုံး ဖြစ်ကြသည်။ တောင်သူအချို့သာ စက်ကရိယာများကို ပိုင်ဆိုင်ကြပြီး ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် (၁)ကေလျှင် ကာလပေါက်ဈေး တစ်စပ်ထွန် (၁၇၀၀၀)ကျပ် ပေးငှားထွန်ယက်ရပါသည်။

ကိုင်းမြေများတွင် ပဲ၊ ပြောင်း၊ ရေတ်နှင့် ခြံမြေများတွင် ကွမ်းနှင့်အခြားသီးပင်များ၊ လယ် မြေများတွင် မိုးစပါးနှင့်မတ်ပဲများ စိုက်ပျိုးကြပါသည်။ မိုးစပါးပျမ်းမျှ(၁)ကေအထွက်နှုန်းမှာ (၇၅) တင်းဖြစ်ပြီး ပဲ(၄၀)တင်း၊ပြောင်း(၁၁၀)တင်း၊ ကွမ်း(၁၂၅)ပိဿထွက်ရှိသည်။ ကျေးရွာတွင် စိုက် ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် တုံကင်တွင်းများမှ တစ်နှစ်ပတ်လုံး ရေလုံလောက်မှု ရှိပါ သည်။ ပဲစိုက်ပျိုးသူအများဆုံးရှိပြီး အထွက်နှုန်းအသင့်အတင့်ရှိပါသည်။

ကျေးရွာတွင် ကြက်၊ ဝက်၊ ဘဲတို့ကို တစ်ပိုင်တစ်နိုင်မွေးမြူသူများရှိကြသည်။ ဝက်မွေးမြူ ရေးတွင် ဝက်ဖျားရောဂါအဖြစ်များသောကြောင့် ဖြစ်ထွန်းမှုနည်းပါးပြီး စနစ်တကျမွေးမြူလိုကြ သည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူမရရှိနိုင်ကြချေ။

**(ဂ)အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

သရွတ်ဝကျေးရွာသည် ဇလွန်-ဟသ်ၤာတကားလမ်းမကြီး၏(၃)မိုင် အကွာတွင် တည်ရှိပြီး ဇလွန်မြို့နှင့်(၁၅)မိုင်ခန့်၊ ဟသ်ၤာတမြို့နှင့် (၇)မိုင်ကွာဝေးပါသည်။ ရွာအဝင်လမ်းမှာ မြေသားလမ်း ဖြစ်ပြီး ရွာလယ်လမ်းမှာ ကျောက်ခင်းလမ်းများဖြစ်ပါသည်။ ကျောက်ခင်းလမ်းများဖြစ်သည့် အတွက် အသင့်အတင့်အဆင်ပြေပါသည်။

သရွတ်ဝကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် ဇလွန်နှင့်ဟသ်ၤာတဈေး တို့ကို လွယ်ကူစွာလက်လှမ်းမီကြပြီး ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်တို့ဖြင့် သွားလာ ကြ ပါသည်။ ကျေးရွာတွင် မြစ်ကြောင်းသွားလာအသုံးပြုမှု အနည်းငယ်ရှိပါသည်။ ဆိုလာနှင့် ဘက်ထရီ အိုးအများဆုံးအသုံးပြုကြပြီး အချို့အိမ်ထောင်စုများမှာ ဖယောင်းတိုင်နှင့်မီးခွက်များကို အသုံးပြု ကြပါသည်။ မဟာဓါတ်အားလိုင်းရရှိရေးအတွက် ကျေးရွာတစ်ရွာလုံးမှ ငွေနှင့်လူအား အင်တိုက် အားတိုက်ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာတွင် အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီးဖြစ်သည်။ မြို့နှင့်နီးခြင်း၊ ကျေးရွာတွင် ဖုန်းတာဝါတိုင်ရှိခြင်းကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူကျေးရွာ သားများ ဖုန်းနှင့် အင်တာနက်ပင်အသုံးပြုနေကြပြီဖြစ်သည်။ သဘာဝဘေးအန္တရာယ်များ(ဥပမာ-မီး ဘေး)ကျရောက်ခြင်းတို့အတွက် ကျေးရွာတွင်းရှိ မီးသတ်အဖွဲ့နှင့် ရွာသူရွာသားများမှ တာဝန်ယူ ဖြေရှင်းကြပါသည်။ ကျေးရွာတွင် အုပ်ချုပ်ရေးမှူးရုံးရှိသဖြင့် ကျေးရွာလုံခြုံရေးအတွက်အနည်းငယ် အဆင်ပြေပါသည်။

ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်၍ အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ ခိုးစိုးလုယက်မှုများ၊ ရာဇဝတ်မှုများ မရှိပါ။ အကြောင်းတစ်စုံတစ်ရာရှိပါကလည်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် ဒေါင့်ကြီးတိုက်နယ်ရဲစခန်း၊ ဇလွန်မြို့ရဲစခန်းတို့နှင့် အလွယ်တကူဆက်သွယ်နိုင်ပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

သရွတ်ဝကျေးရွာတွင် ကိုရီးယားချေးငွေ (အတိုးနှုန်း၁.၅ကျပ်နှုန်း)နှင့် UNDP ချေးငွေ (အတိုးနှုန်း၂.၅ကျပ်နှုန်း)၊ သမချေးငွေတို့ဖြင့် စားဝတ်နေရေး၊ တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင် ရာကိစ္စရပ်များအတွက် ချေးယူသုံးစွဲကြောင်း တွေ့ရပါသည်။ လေ့လာဆန်းစစ်ချက်များအရ ဆင်းရဲ သောအိမ်ထောင်စုများအတွက် အကြွေးတင်ရှိမှုအနည်းငယ်ရှိကြောင်း တွေ့ရပါသည်။

## (င) ပညာရေး

သရွတ်ဝကျေးရွာအလယ်ပိုင်းတွင် မူလတန်းကျောင်းဆောင်ကို ဆောက်လုပ်ထားရှိပါသည်။ စာသင်ကျောင်းဆောင်ကြီးမှာ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းကျောင်းဆောင်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ ကျောင်းဆောင်အကျယ်အဝန်းမှာ ၆၀'x၃၀' တစ်ထပ်တိုက်တစ်ဆောင်ဖြစ်ပါသည်။ ကျောင်းအိမ်သာသည် တိုက်ခန်းတွဲနှစ်တွဲ(၁)လုံးရှိ၍ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများအတွက် လုံလောက်မှုမရှိပါ။ ကျောင်းဆရာမ(၆)ဦးရှိ၍ ဆရာတပည့်အချိုးကိုက်ညီမှုရှိပါသည်။ သရွတ်ဝကျေးရွာတွင် စာမတတ်သူဦးရေ အနည်းအကျဉ်း သာရှိပါသည်။ ကျောင်းတက်နှုန်းမှာ မူလတန်းပညာရေးတွင် ကျား(၅၁)ဦး၊ မ(၆၃)ဦး၊ စုစုပေါင်း (၁၁၄)ဦး၊ အလယ်တန်းပညာရေးတွင် ကျား(၃၁)ဦး၊ မ(၃၃)ဦး၊ စုစုပေါင်း (၆၄)ဦး၊ အထက်တန်း ပညာရေးတွင် ကျား(၁၈)ဦး၊ မ(၁၅)ဦး၊ စုစုပေါင်း(၃၃)ဦး၊ တက္ကသိုလ်ပညာရေးတွင် ကျား(၈)ဦး၊ မ(၇)ဦး၊ စုစုပေါင်း(၁၅)ဦး၊ ကျေးရွာတွင် ဘွဲ့ရရှိပြီးသူများမှာ(၁၀)ဦးရှိပါသည်။ ရွာခံ ကျောင်းဆရာ (၂)ဦး၊ ကျောင်းဆရာမ(၂)ဦးရှိပါသည်။

ကျေးရွာတွင် ပန်းရံ၊ လက်သမား၊ တောင်းယက်စသော အသက်မွေးဝမ်းကျောင်းအတတ် ပညာဖြင့် ကျွမ်းကျင်မှုလုပ်သား အနည်းစုသာရှိပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာလုပ်ငန်းများ၊ ကျွမ်းကျင်မှုများနိမ့်ကျနေဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူငယ်အမျိုးသားများမှာ ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင်သင်တန်းနှင့် လူငယ်အမျိုး သမီးများမှာ အပ်ချုပ်စက်သင်တန်း များ၊ အလှပြင်သင်တန်းများ တတ်ကျွမ်းလိုကြသည်။

ကျေးရွာတွင် ပညာရေးကဏ္ဍ၌ မိဘဆရာအသင်းဖွဲ့စည်းထားရှိပြီး ကျေးရွာရပ်မိရပ်ဖ များမှာလည်း ကျေးရွာသူကျေးရွာသားများနှင့်ပူးပေါင်း၍ လိုအပ်ချက်များကို ဆောင်ရွက်ကြသော ကြောင့် ပညာရေးအတွက် အခက်အခဲမရှိ လုပ်ဆောင်နိုင်ပါသည်။ ကျောင်းသား၊ ကျောင်းသူဦးရေ များပြားလာစေရန်နှင့် ကျေးရွာ၏စာတတ်မြောက်မှုနှုန်းများ များပြားလာစေရန်အတွက် ကျေးရွာရှိ အိမ်ထောင်စုများ၏ ဝင်ငွေနှင့်စီးပွားတိုးတက်မှုများပေါ်တွင် မူတည်ပါသည်။ မူလတန်းစာသင် ကျောင်းတွင် စာရေးခုံ၊ စားပွဲ၊ ကုလားထိုင်၊ ဗီဒို စုံလင်စွာရှိသော်လည်း ကျောင်းသား၊ ကျောင်းသူ

များထပ်မံတိုးပွားလာသောကြောင့် စာသင်ခုံများ လိုအပ်ပါသည်။ ကျောင်းအုပ်ကြီးရုံးခန်းသီးသန့် မရှိသည့်အတွက် ကျောင်းအုပ်ကြီးရုံးခန်းလိုအပ်မှုရှိပါသည်။

**(စ)ကျန်းမာရေး**

သရွတ်ဝကျေးရွာသည် ကျန်းမာရေးနှင့်ပတ်သက်၍ ကျေးရွာဆေးပေးခန်းမှ ဝန်ဆောင်မှုများရရှိပါသည်။ ဆေးရုံတက်ရန်လိုအပ်ပါက (၁၅)ခန့်အကွာ ဇလွန်မြို့နယ်ဆေးရုံကြီးသို့ ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်တို့ဖြင့် လွယ်ကူစွာ သွားရောက်ကုသနိုင်ပါသည်။ ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖိုက်၊ အစာအိမ်စသော ရောဂါဖြစ်ပွားမှုများနည်းပါးကြောင်း တွေ့ရပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်တုံကင်တွင်းရေကို အများဆုံးအသုံးပြုကြပြီး တုံကင်တွင်းမရှိသောသူများသည် နွေအခါတွင် အခြားပိုင်တုံကင်တွင်းရှိသူများထံမှ သုံးစွဲခြင်း၊ မိုးတွင်းအခါတွင် မိုးရေ ကိုသာ အသုံးပြုကြပါသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း နှစ်ခန်းတွဲအိမ်သာ(၁)လုံးသာရှိ၍ ကျောင်းသားကျောင်းသူများပြားသောကြောင့် အသုံးပြုရန် ခက်ခဲပါ သည်။

ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် အသက်ကြီးရွယ်အို(၆၄)နှစ်အထက် (၁၅)ဦးနှင့် ဆင်းရဲ၍ မိသားစုဦးရေများပြားသည့် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု (၃၂)စု ရှိသော်လည်း ဆိုးဆိုးရွားရွား ထိခိုက်နိုင်သည့်အခြေအနေမျိုးမရှိပါ။ ကျောင်းမနေသူ မွေးရာပါ အရိုးပျော့ရောဂါသည်မ(၁)ဦး၊ ဆွံ့အနားမကြားသူကျား(၁)ဦးရှိပါသည်။ ထိုသူများအတွက် သီးသန့်ထောက်ပံ့ရေးအစီအစဉ်မရှိပါ။

ကျေးရွာတွင် ကျန်းမာရေးနှင့် အာဟာရအတွက် မည်သည့်အဖွဲ့အစည်းမျှ လာရောက်ကူညီထောက်ပံ့မှုမရှိကြောင်း တွေ့ရှိရပါသည်။ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများလည်း ရှိပါသည်။

**(ဆ)ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် ပဲ၊ ပြောင်းခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ် ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများ များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်း လာနိုင် ပါ သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံများ ကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ကျေးရွာတွင် လူနေအိမ်အချို့သည် ရေကာတာအပြင်ဘက်တွင် ရှိ၍ ရေတတီမြစ်ရေတက်ချိန်တွင် ရေလွှမ်းမိုးခြင်းခံရပါသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့် မုန်တိုင်းဘေးအန္တရာယ်နည်းပါးပါသည်။

**(ဈ)ကျား – မ ရေးရာ**

သရွတ်ဝကျေးရွာတွင် လုပ်အားခမှလွဲ၍ အခြားကဏ္ဍများတွင် ကျားမတန်းတူ အခွင့်အရေးတူညီပါသည်။ လုပ်အားခငွေမှာ အမျိုးသား(၅၀၀၀ကျပ်)၊ အမျိုးသမီး(၃၀၀၀ကျပ်) ရကြပါသည်။ ကျွမ်းကျင်မှုနှင့် ခွန်အားလုပ်အားခ နှုန်းထားများပေါ်တွင် မူတည်ပြီးမှ ရခြင်း ဖြစ်ပါသည်။

ခွဲခြားဆက်ဆံမှုမရှိကြပါ။ ရပ်ရေးရွာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တန်းတူပါဝင်ခွင့်ရကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်းအမျိုးသမီးအများစုတက်ကြွစွာပါဝင်ကြပါ သည်။

## ၅။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***မီးလင်းရေး*** | | | | | |
| | ၁။ မဟာဓါတ်အားလိုင်းဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း အကောင်အထည် ဖော်ဆောင် ရွက်ခြင်း | ၁၀၀ | ၁ | မဟာဓါတ်အားလိုင်းဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင် ရွက်ခြင်း | လျှပ်စစ် |
| ***လမ်းပန်းဆက်သွယ်ရေး*** | | | | | |
| | ၂။ ရွာချင်းဆက်လမ်းအဆင့် မြှင့်တင်ခြင်း | ၇၈ | ၂ | – ရာသီမရွေးဆက်သွယ် သွားလာနိုင်စေရန် ရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ခြင်း၊ လမ်းများကိုစုပေါင်းပြု ပြင်ခြင်း | ကျေးလက် |
| **စိုက်ပျိုး/မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | | | | | |
| | ၃။ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုနိုင်မည့် (စက်ရုံအလုပ်ရုံများ၊အိမ်တွင်း စက်မှုလုပ်ငန်းများ)ကူညီပံ့ပိုး ဆောင်ရွက်ပေးခြင်း | ၆၇ | ၃ | – အသက်မွေးဝမ်းကျောင်း အထောက်အကူပြုနိုင်မည့် (စက်ရုံအလုပ်ရုံများ၊အိမ်တွင်း စက်မှုလုပ်ငန်းများ)ကူညီပံ့ပိုး ဆောင်ရွက်ပေးခြင်း | ကျေးလက် |

| | | | | | |
|---|---|---|---|---|---|
| **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** | | | | | |
| | ၄။ လက်ရှိအစိုးရဌာနများမှ ထုတ်ချေးနေသည့် ချေး ငွေများ ပိုမိုထိရောက်သွက် လက်စေရန် တင်ပြတောင်း ခံခြင်း | ၆၀ | ၄ | – လက်ရှိအစိုးရဌာနများမှ ထုတ်ချေးနေသည့် ချေး ငွေများ ပိုမိုထိရောက်သွက် လက်စေရန် တင်ပြတောင်း ခံခြင်း | ကျေးလက် |
| **ကျန်းမာသန့်ရှင်းရေး** | | | | | |
| | ၅။ ကျောင်းအဆောက်အဦ၊ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများပြည့်စုံစွာပံ့ပိုးဆောင်ရွက်ခြင်း | ၄၆ | ၅ | • – ကျေးလက်ကျန်းမာရေး ဆိုင်ရာအဆောက်အဦ၊ အသုံးအဆောင်နှင့် ဝန် ထမ်းဖွဲ့စည်းပုံအတိုင်း ရရှိအောင်တောင်းဆိုခြင်း၊သန့်ရှင်းသောသောက်သုံးရေအတွက် စက်ရေတွင်း တည်ဆောက်ခြင်း | ပညာရေး |
| ***စိုက်ပျိုးရေး*** | | | | | |
| | ၆။ စိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုမှုတိုးတက်အောင် ဆောင်ရွက်ခြင်း ျ | ၄၀ | ၆ | – မျိုးကောင်းမျိုးသန့်များ ရရှိရန်စုပေါင်းစီစဉ် ဆောင်ရွက်ခြင်း၊စိုက်ပျိုးရေးနည်းပညာများရရှိ အသုံးပြုမှုတိုး တက်အောင်ဆောင်ရွက်ခြင်း၊ စက်ကိရိယာများအရစ်ကျဝယ်ယူ၊ ငှားရမ်းချိတ်ဆက် ဆောင်ရွက်ခြင်း | စိုက်ပျိုး ရေး |
| ***ပညာရေး*** | | | | | ပညာရေး |
| | ၇။ ကျောင်းယင်လုံအိမ်သာ တည်ဆောက်ခြင်း | ၂၀ | ၇ | –ကျောင်းယင်လုံအိမ်သာ တည်ဆောက်ခြင်း | |

## တောင်ပို့တရာအုပ်စု၊ သရွတ်ဝကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **မီးလင်းရေး** | | | | | |
| | လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း | • အိမ်မီးသွယ်တန်းရန်အတွက် လက်ရှိစုဆောင်းငွေဖြင့် မလုံလောက်ခြင်း | တိုင်းဒေသကြီးမှ ချပေးသောဓါတ်တိုင်၊ အပေါ်ကြိုးနှင့်ထရန်စဖော်မာပုံးများရရှိပြီးဖြစ်ခြင်း၊ တိုင်နှင့်ကြိုးများထူထောင်ပြီးဖြစ်ခြင်း | | လျှပ်စစ်ဦးစီးဌာန၊ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း | မဟာဓါတ်အားလိုင်းဖြင့် ကျေးရွာမီးလင်းရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း |
| ၂ | **လမ်းပန်းဆက်သွယ်ရေး** | | | | | |
| | ရွာချင်းဆက်လမ်း မကောင်းခြင်း | • မြေသားလမ်းဖြစ်နေခြင်း | • လုပ်အား အသင့်ရှိနေခြင်း | ငွေကြေးအခက် အခဲရှိခြင်း | ကျေးရွာလမ်းကော်မတီဖွဲ့စည်းပြီးကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ရာသီမရွေးဆက်သွယ်သွားလာနိုင်စေရန် ရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ခြင်း၊ လမ်းများကိုစုပေါင်းပြုပြင်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၃ | **စိုက်ပျိုး/မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | | | | | |
| | လူငယ်များအလုပ်လက်မဲ့များပြား ခြင်း | • အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း<br>• လူငယ်များအခြေခံပညာအားနည်းခြင်း | • | အချိတ်အဆက်အားနည်းခြင်း | သက်ဆိုင်ရာမြို့နယ်ဌာနဆိုင်ရာများမှတစ်ဆင့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအလုပ်အကိုင်များရရှိရေးချိတ်ဆက်ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်းအထောက်အကူပြုနိုင်မည့်<br>(စက်ရုံအလုပ်ရုံများ၊အိမ်တွင်းစက်မှုလုပ်ငန်းများ)ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း |
| ၄ | **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** | | | | | |
| | စီးပွားရေး၊ လူမှုရေးနှင့်အရေးပေါ်ကိစ္စများအတွက်ချေးငွေရရှိနိုင်မှုခက်ခဲခြင်း | • ပုဂ္ဂလိကဘဏ်များသည်အာမခံမပါလျှင်မထုတ်ချေးခြင်း | • ကုန်ကြမ်းမှကုန်ချောထုတ်လုပ်ငန်းများလုပ်ကိုင်လိုစိတ်ရှိခြင်း | ကုန်ကြမ်းများဝယ်ယူရန်ငွေကြေးမလုံလောက် ခြင်း | လုပ်ငန်းအလိုက်အစုအဖွဲ့များခိုင်မာစွာဖြစ်ပေါ်လာစေရန်ဆောင်ရွက်ပြီးအစုအဖွဲ့စနစ်ဖြင့်ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုပေးသည့်အဖွဲ့များနှင့် ဆက်သွယ်ခြင်း | • လက်ရှိအစိုးရဌာနများမှထုတ်ချေးနေသည့် ချေးငွေများ<br>ပိုမိုထိရောက်သွက်လက်စေရန်<br>တင်ပြတောင်း ခံခြင်း |

| ၅ | ကျန်းမာသန့်ရှင်းရေး | | | | | |
|---|---|---|---|---|---|---|
| | • ကျန်းမာရေးဆိုင်ရာအသိအားနည်းခြင်း<br>• ကျန်းမာရေးဝန်ဆောင်မှု မလုံလောက်ခြင်း | • အခြေခံပညာအားနည်းခြင်း | • ကျေးရွာဆေးပေးခန်းရှိခြင်း | • | • ရေနှင့်သန့်ရှင်းရေးပံ့ပိုးမှုများအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ဆောင်ရွက်ခြင်း<br>• လစ်လပ်ကျန်းမာရေးဝန်ထမ်းများခန့်ထားပေးရန် ကျန်းမာရေးဌာနနှင့်ချိတ်ဆက်တောင်းဆိုခြင်း | • ကျေးလက်ကျန်းမာရေးဆိုင်ရာ အဆောက်အဦ၊ အသုံးအဆောင်နှင့် ဝန်ထမ်းဖွဲ့စည်းပုံအတိုင်းရရှိအောင်တောင်းဆိုခြင်း<br>• သန့်ရှင်းသောသောက်သုံးရေအတွက် စက်ရေတွင်းတည်ဆောက်ခြင်း |
| ၆ | စိုက်ပျိုးရေး | | | | | |
| | • နည်းပညာအသုံးပြုနိုင်မှုအားနည်းခြင်း<br>• ပိုးနှင့်ရောဂါကျခြင်း<br>• မျိုးကောင်းမျိုးသန့်မလုံလောက်ခြင်း<br>• အချိန်မီထွန်ယက်စိုက်ပျိုးရိတ်သိမ်းခြင်းမလုပ်နိုင်ခြင်း | • မျိုးသန့်ပွားနည်းပညာမသိရှိခြင်း<br>• လယ်ယာသုံးစက်ကိရိယာမလုံလောက်ခြင်း | • | • | • ဝန်ဆောင်မှုပြည့်ဝစွာရရှိရန် စိုက်ပျိုးရေးဌာနနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအားချိတ်ဆက်၍ဆောင်ရွက်ခြင်း | • မျိုးကောင်းမျိုးသန့်များရရှိရန်စုပေါင်းစီစဉ်ဆောင်ရွက်ခြင်း<br>• စိုက်ပျိုးရေးနည်းပညာများရရှိအသုံးပြုမှုတိုးတက်အောင်ဆောင်ရွက်ခြင်း<br>• စက်ကိရိယာများအရစ်ကျဝယ်ယူ၊ ငွေရေးချိတ်ဆက်ဆောင်ရွက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၇ | ပညာရေး | | | | | |
| | • ကျောင်းအိမ်သာ မလုံလောက်ခြင်း | • ကျောင်းသားဦးရေ များတိုးပွားလာခြင်း | • | • | • မိဘဆရာအသင်း၊ ပညာရေးဌာန၊ ကျေးလက်ဦးစီးဌာနတို့ နှင့်ချိတ်ဆက်၍ ညှိနှိုင်း ဆောင်ရွက်ခြင်း | • ကျောင်းယင်လုံအိမ်သာ တည်ဆောက်ခြင်း |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၉ | ၁၈ | ၃၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၂ | ၂၆ | ၅၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၁ | ၆၃ | ၁၁၄ |
| ၁၀ နှစ်မှ ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၈ | ၄၈ | ၉၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၂၂ | ၃၅၃ | ၆၇၅ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၂ | ၅၅ | ၈၇ |
| စုစုပေါင်း | | ၅၀၄ | ၅၆၃ | ၁၀၆၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၆၆ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။သရွတ်ဝကျေးရွာတွင် အိမ်ခြေပေါင်း(၂၆၆)လုံးရှိပြီး အိမ်ထောင်စုမှာလည်း အတူတူပင်ဖြစ်ပါသည်။ စုစုပေါင်းလူဦးရေမှာ(၁၀၆၇)ဦးဖြစ်ပြီး အများဆုံးမှာ အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ပါသည်။ မိန်းကလေးဦးရေမှာ ယောကျ်ားလေးဦးရေထက်(၅၉)ဦးပိုများပြီး၊ပျမ်းမျှ အနေဖြင့်အိမ်ထောင်စု တစ်စုလျှင်ဦးရေ(၄)ယောက်ရှိကြောင်း တွေ့ရပါသည်။ လူဦးရေ အနည်းဆုံးမှာ နို့စို့အရွယ်ကလေးများဖြစ်ကြပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၇ | သင့် | အနည်းအကျဉ်း | မြေအောက်ရေ |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၄၃.၅ | သင့် | ရ | မြေအောက်ရေ |
| အိမ်ခြံဝင်းစိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | ၃၄၅.၅ | သင့် | အနည်းအကျဉ်း | မြေအောက်ရေ |
| စားကျက်မြေ | | | | |
| စုစုပေါင်း | ၃၉၆ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။သရွတ်ဝကျေးရွာတွင် မြေကေပေါင်း(၃၉၆)ကေ ရှိပြီးအများဆုံးမှာ ကိုင်းကျွန်းမြေဖြစ်ပြီး(၃၄၅.၅)ကေရှိပါသည်။ လယ်မြေကေမှာ(၇)ကေသာရှိပြီး ကိုင်း ခြံစိုက်ခင်းများ အတွက် မြေဆီလွှာ အသင့်အတင့်ရှိပြီး ရေရရှိမှုမှာလည်း မြေအောက် ရေကိုသာ အဓိက ထားအသုံးပြုနေကြောင်း တွေ့ရှိရပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | – | – |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ကျောက်မီးသွေး၊ သဲ) စသည့် | များ | ခက် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | – | – |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် – ၃၂ဒီဂရီ၊စင်တီဂရိတ် | ပျှမ်းမျှ မိုးရေချိန် – ၄၀လက်မ | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။သရွတ်ဝကျေးရွာ တွင် သဘာဝဒေသ ထွက် သဲ ကိုရရှိပြီး ထော်လာဂျီများဖြင့်သယ်ယူရောင်းချကြပါသည်။ လူတို့အတွက် ဆေးဘက်ဝင် အပင်ကို ရရှိပြီး တိရစ္ဆာန်များအတွက် အသုံးဝင်သော အပင်များကို အနည်းငယ်သာရရှိပါသည်။ ပျမ်းမျှ အပူချိန် မှာ၃၂ဒီဂရီ၊စင်တီဂရိတ်ဖြစ်ပြီး၊မိုးရေချိန်မှာ(၄၀)လက်မ ရှိပါသည်။ မိုးရာသီတွင် မြစ်ရေကြီးမှုကြောင့် နေအိမ်များနစ်မြုပ်ပြီး သွားလာရခက်ခဲပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၁ | ကြက်ခြေနီ အသင်း | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာသူကျေးရွာသား(၅)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ |
| ၂ | မီးသတ် အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကျေးရွာသူကျေးရွာသား(၆)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ |
| ၃ | အမျိုးသမီး ရေးရာအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာသူကျေးရွာသား(၈)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ |
| ၄ | မိခင်နှင့် ကလေး အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာသူကျေးရွာသား(၅)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ |
| ၅ | ပုညကာရီ ပရဟိတ အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐ | ကျေးရွာသူကျေးရွာသား(၂၀)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ |

